KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် / KHRG မှတ်တမ်းလွှာအမှတ် # 19-52-I1

---

# မြိတ်-ထားဝယ် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် လေညာဘုတ်ပြင်းအထူးဒေသအတွင်း ဖြစ်ပျက်ခဲ့သော လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှု

---

*၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် လေညာဘုတ်ပြင်းအထူးဒေသရှိ ဉာဏ်ရည်မမှီသောအမျိုးသမီးတစ်ဦးအား သူမ၏ အကိုဖြစ်သူမှ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်ခဲ့ပါသည်။ ထိုကဲ့သို့ အဓမ္မပြုကျင့်ခံရပြီးသည့်နောက် သူမကိုယ်ဝန်ရရှိခဲ့ပြီး ယခုအချိန်တွင် သူမ၌ တစ်နှစ်ကျော်အရွယ်ကလေးတစ်ဦးရှိနေပြီးဖြစ်ပါသည်။ ဤအဖြစ်အပျက်အား ရပ်ရွာအရာရှိများကိုအသိပေးပြီးသော်လည်း ပြစ်မှုကျူးလွန်သူအပေါ် အရေးယူပေးမှု တစ်စုံတစ်ခုမှ မရှိသေးပါ။*[1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | **အ--- ရွာ၊ လေညာဘုတ်ပြင်းအထူးဒေသ၊ မြိတ်-ထားဝယ်ခရိုင်** |

[1] ဤအစီရင်ခံစာသည် ၂၀၁၉ ခုနှစ်၊ မေလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော ကွင်းမှလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား မြိတ်-ထားဝယ်ရှိ ဒေသခံ တစ်ဦးမှဖေါ်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအနေနှင့် စင်စာဖျက်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်းရေးသားထားသော အချက်အလက်များသည် KHRG ဝန်ထမ်းမှ ရှင်းပြမှုများထည့်သွင်းထားခြင်းဖြစ်သည်။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| *အမည်* | နော် ဝ--- |
| **အသက်** | ၂၂ နှစ် |
| **ကျား/မ** | မ |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | မရှိ၊ ကလေးတစ်ယောက် |
| **နေရပ် ရွာအမည်** | အ--- |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | |
|---|---|---|
| အမည် | အလုပ်အကိုင် | နေရပ်ရွာအမည် |
| စော မ--- | မသိ | အ--- |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းမှတ်တမ်းပြုစုသူသည် ပြစ်မှုကျူးလွန်ခံရသူနှင့် တွေ့ဆုံပြီးမေးမြန်းခဲ့ခြင်းပြုလုပ်ခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| သတင်းအချက်အလက်ပေးသူကိုယ်တိုင်သည် ဤအဖြစ်အပျက်ကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ဉာဏ်ရည်မမှီသော အမျိုးသမီး နော် ဝ--- အား အကိုအရင်းဖြစ်သူ စော မ--- မှ လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ခဲ့ပါသည်။ ညီမဖြစ်သူအား အဓမ္မပြုကျင့်ပြီးနောက် ပြစ်မှုကျူးလွန်သူသည် မြိတ်မြို့သို့ထွက်ပြေးပြီး ၎င်းသည် ကေအဲန်ယူရုံးမှူးတစ်ဦးအဖြစ် လေညာဘုတ်ပြင်းအထူးဒေသရုံးတွင် လက်ရှိတာဝန်ထမ်းဆောင်နေပါသည်။ ပြစ်မှုကျူးလွန်ခံရသောသူ၏ ဆွေမျိုးများသည် ဒေသခံအမျိုးသမီး အဖွဲ့အစည်းထံသို့ တိုင်ကြားပြီး ရပ်ရွာအရာရှိများမှလည်း ဤအကြောင်းအရာကိုသိသော်လည်း ပြစ်မှုကျူး လွန်သူအပေါ်အရေးယူပေးမှု တစ်စုံတစ်ခုမျှမရှိပါ။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဒေသခံအာဏာရှိ များမှ ဤအမှုအား စုံစမ်းစစ်ဆေးပေးခြင်း မပြုလုပ်ခဲ့ရသေးပါ။<br><br>ပြစ်မှုကျူးလွန်ခံရသူ အိမ်၌ရှိချိန်တွင် ဤလိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှု ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါသည်။ သူမ သည် ဖြစ်ပျက်မှုအသေးစိတ်တို့အား ဤကဲ့သို့ ပြောပြခဲ့ပါသည်။ "*ကျွန်မအိမ်မှာတစ်ယောက်တည်း ပုခက်မှာ ထိုင်ပြီးအနားယူချိန်မှာပဲ သူကျွန်မဆီလာပြီး ကျွန်မဘာလုပ်နေတာလဲ လို့လာမေးတယ်။ ကျွန်မမောတယ်လို့ သူ့ကိုပြန်ဖြေပြီးတဲ့ အချိန်မှာပဲ သူကျွန်မအနားကိုလာကပ်တယ်။ ပထမဆုံး ကျွန်မသူ့အနမ်းကို* |

*လက်ခံနိုင်မလား လို့မေးတော့ ကျွန်မ လက်မခံနိုင်ဘူးလို့ ပြန်ပြောတယ်။ အဲ့အချိန်မှာပဲကျွန်မကို တင်းနေအောင်ချုပ်ကိုင်ထားတယ်။ ကျွန်မကိုလွှတ်ပေးပါလို့ပြောလည်း သူမလွှတ်ဘူး။ အဲဒါကြောင့် ကျွန်မက စိတ်တိုပြီး သူ့လက်ကိုကိုက်လိုက်တယ်။ ကျွန်မရဲ့အထင် သူ့ကိုကိုက်လိုက်တာအရမ်း နာသွားလို့ သူက ကျမရင်သား ကိုဆွဲပြီးညစ်တယ်။ သူကျွန်မကို အဓမ္မပြုကျင့်ပြီးသွားမှပဲ ကျွန်မကိုလွှတ်ပေးခဲ့တယ်။"*

သူမသည် အဓမ္မပြုကျင့်ခံခဲ့ရသောကြောင့် ကိုယ်ဝန်ရရှိခဲ့ပြီး လက်ရှိ တစ်နှစ်အရွယ်ကလေးတစ်ဦး ရှိနေပြီ ဖြစ်ပါသည်။ သူမမ "အစက ကျွန်မအစားအသောက်ပျက်ခဲ့ပေမယ့် ကျွန်မကိုယ်ဝန်ရှိမှန်းမသိခဲ့ဘူး။ ကျွန်မ မြို့ကိုတက်သွားပြီး ဘာဖြစ်တာလဲသွားစစ်ကြည့်တော့ ကျန်းမာရေးသူနာပြုက ကျွန်မရဲ့ဆီးကိုစစ်ပြီး ကျမမှာ ကိုယ်ဝန်ရှိနေပြီလို့ပြောတယ်။ အဲ့အခါကျမှ ကျွန်မကိုယ်ဝန်ရှိမှန်းသိလိုက်ရတယ်။ ကျွန်မ [၂၀၁၈] ခုနှစ်၊ ဧပြီလတုန်းက တက်သွားတယ်။ ဒါပေမဲ့ အဲ့ဒီမှာ ဘယ်လောက် ကြာကြာနေခဲ့တာလဲကိုတော့ မမှတ်မိတော့ဘူး။ အမှန်တော့ ကျွန်မ ကိုယ်ဝန်ရှိမှန်း သိပြီးတဲ့နောက်မှာ မြို့မှာပဲကျွန်မနေရတယ်။"

ပြစ်မှုကျူးလွန်သူမှ ၂၀၁၇ ခုနှစ်တွင်လည်း နေရာနှစ်ရပ်တွင် လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့် ခံခဲ့ရသည် ဟုလည်း ပြောကြားခဲ့ပါသည်။ သူမ နေ့ရက်အချိန် အသေးစိတ်ကိုမမှတ်မိသော်လည်း ယခုကဲ့သို့ပြောပြခဲ့ ပါသည်။ "*ကျွန်မကို အိမ်မှာနှစ်ကြိမ် အဓမ္မပြုကျင့်ခဲ့ပြီး ဂ---ရွာမှာတစ်ကြိမ် (သူမ၏အခြားအိမ်တစ်လုံး တည်ရှိရာရွာ) ပြုကျင့်ခဲ့ပါတယ်။"* ဤအမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ပေးခြင်း ရှိမရှိကို ခံစားရသောသူမှ မသိရှိပါ။

## <u>အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း</u>

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| ဤသတင်းအချက်အလက်ကို ပြစ်မှုကျူးလွန်ခံရသူမှ ကရင်လူ့အခွင့်အရေးအဖွဲ့အား အသုံးပြုရန် ခွင့်ပြုခဲ့ပါသည်။ |